# "Pouring old wines into new bottles?"

## The Civil Society Forum on Social Forestry in ASEAN affirms their call to collaboration

***CHIANG MAI, Thailand – Over the weekend, civil society organizations from more than 8 countries gathered to hone action plans toward advancing a people-centered social forestry in the region.***

June 14, 2017




The 6th Civil Society Organizations Forum on Social Forestry in ASEAN convened this year to share learnings from the ground and craft advocacy messages on governance mechanisms, forest tenure and access rights, community economy and livelihoods, and safeguards.

Over the years, credit has been given to social forestry's significant contribution to the achievement of global targets for climate change mitigation and adaptation as well as sustainable forest management. However, achievements achieved at the local, national, and regional levels are still met with critical bottlenecks. The 7th ASEAN Working Group on Social Forestry (AWG-SF) Conference has again opened a space to continue the ongoing dialogue and engagement with Forest Landscape Restoration (FLR) as the central theme.

*"Are we pouring old wine into new bottles?" said Mr. Patrick Durst, Senior Policy Officer of the Food and Agriculture Organization Regional Office for Asia and the Pacific as he presented the concepts and issues around FLR. Among the many approaches, what promise does FLR hold for its stakeholders, most especially indigenous and local communities? The approach is integrative as FLR will bring together various elements of landscape restoration. However, Mr. Durst remarked that FLR cannot succeed without the support and effective involvement of the people. "Far too often in the past, governments have often looked at people as source of cheap labor. If we want to make it work, we have to make it work for the people to equitably benefit from these resources."*




The perspective provided by the CSO Forum in the plenary, through Ms. Mai Thin Yu Mon of the Chin Human Rights Organization in Myanmar resonated the very same sentiments: that only through inclusive processes can the success of achieving social forestry and climate change adaptation and mitigation targets be ensured. Find the statement of the CSO Forum in the 7th AWG-SF Conference below.

# Civil Society Organizations (CSO) Forum on Social Forestry in ASEAN Statement 7th ASEAN Working Group on Social Forestry (AWG-SF)

## Conference 2017

### *Background*

The CSO Forum on Social Forestry in ASEAN was established in 2012, and is participated in by civil society organizations and community based organizations, indigenous peoples' networks and membership organizations who are present in ASEAN and are implementing capacity building, awareness raising, and technical support programs on forest and NTFP livelihood and marketing, forest tenure and access rights, and traditional and indigenous knowledge systems on natural resources, and a few projects in REDD+. It is a platform to distil, consolidate and relay key messages from CSOs and communities to ASEAN member states through the ASEAN Working Group onSocialForestry (AWGSF).

This year's 6th Annual Gathering of the CSO Forum on Social Forestry in ASEAN, was participated by over 60 participants from 40 organizations, from more than 8 countries. Following the development of our CSO Forum vision last year at the 10th Annual Meeting and Policy Dialogue in Palawan, Philippines, and the setting of our goals and targets up to 2020 to contribute to the ASEAN cooperation on forestry, we are pleased to share our update with you.

Social forestry provides significant contribution to global targets for climate change mitigation and adaptation, and is one of the already proven mechanisms to achieve sustainable forest management. Indigenous peoples and local communities are already leading several restoration initiatives in forested landscapes. RECOFTC's report on the status of social forestry in ASEAN noted that approximately

10M hectares has been allocated as of 2016 which is around 50%of the ASEAN countries' social forestry target as of that year.

The target for other countries like Indonesia has since been increased which we see as a sign of an expanding commitment to social forestry. The increased target affirms trust in indigenous and local communities as vital stewards of ASEAN forests. We hope that other ASEAN countries may follow suit.

The engagement with the ASEAN Coordinating Committee on Micro, Small and Medium Enterprises (ACCMSME) is ongoing with several marketing events to support community forest enterprises in the region. Relationship between CSOs and ASEAN member states made possible through the facilitation of the ASEAN Swiss Partnership on Social Forestry and Climate Change (ASFCC) has indeed improved and is making vital contribution.

**There are key national and subnational developments and let me name a few:**

***In the Philippines,*** the Forest Management Bureau together with stakeholders is working towards the establishment of a National Working Group on Social Forestry and Climate Change and has initiated coordination with the Climate Change Commission for linking social forestry and National Determined Contribution (NDC) under the Paris Agreement. It has also opened the door for policy development on non--timber forest products. Free and Prior Informed Consent (FPIC) has been strengthened with local governments undergoing FPIC for land use planning, biodiversity conservation activities under their REDD+ readiness and development partners are now requiring certificate of FPIC compliance as precondition for all projects. A Protected Area Management Board in Palawan province recognized the development and protection land use plans of an indigenous community within the protected area.

***In Cambodia,*** FPIC is included in the draft Environmental Impact Assessment law. The carbon credits from REDD+ project was sold and most of the revenues are used to support forest protection and community development through a benefit sharing mechanism Also, the Cambodian King affirms a national climate change response and the need of a common ASEAN Strategy for working on deforestation and non-timber forest products.

***In Indonesia,*** social forestry is part of the Nationally Determine Contribution (NDC) of the country. The Ministry of Environment and Forestry (MoEF) has released new regulation number 83 in 2016 to streamline the process for community forestry application. This regulation is a giant leap to accelerate the expansion of Social Forestry in Indonesia, which has targeted 12.7 million hectares. Government responded to revision of regulations and policies in SF in provincial level. Nine indigenous communities in Indonesia received customary titles to manage their customary forests.

***In Laos,*** Initial advocacy efforts yield the inclusion of communal/collective land titling within the draft revision of the land law. In terms of forest governance, the government is interested in the FLEGT--VPA process.

***In Malaysia,*** a process of formulating a 10--year consolidated policy for the 3 states – Sabah, Saraak and Peninsular

Malaysia within a national framework for social forestry in consultation with communities, CSOs, private sector, among others is being facilitated. In Sabah, the Sabah Social Forestry Working Group has been established. This working group consists of forestry department, indigenous peoples' organizations and civil society organizations.

***In Myanmar,*** FPIC is included in the National Environmental Impact Assessment stakeholder engagement guidelines and Environmental Policy Framework; There is an ongoing national land use formulation and forest law review;

In Thailand, the government targets to increase forest cover throughout the country by 40% within 10 years from 2014 – 2023. A comanagement scheme for natural resource management is ongoing and needs to be promoted.

***In Vietnam,*** the terms Indigenous Peoples and Ethnic Minority Group has appeared for the first time in the National REDD+ Action Plan toward 2030 (Decision No.419/QD--TTG dated 5th April 2017 by Prime Minister). Other issues, such as environmental -- social safeguards, gender, the full and effective participation of Ethnic Minority Groups and local communities have also been addressed in article 1 -- Government Perspective of this document.

*In the continuing spirit of an ongoing dialogue and engagement to improve upon the critical bottlenecks in social forestry, here are the important aspects where the ASEAN and the ASEAN Member States may offer support:*

*There is still an absence or weak recognition of tenure of indigenous peoples and local communities conserved areas and territories and their associated traditional knowledge, making forest dependent communities more vulnerable to conflicts due to public and private development projects.*

*Institutional cooperation and coordination among government bodies implementing and providing support for social forestry activities remain weak, and in most countries unclear.*

*Despite documented evidence that shifting cultivation in certain conditions is a sustainable forest land management practice, it is yet to be recognized as such in most countries.*

*The inclusion of FPIC and the increase role of communities in various policies will take time to implement and there is limited capacity for government and other stakeholders to apply these policies. In some countries, there are strong safeguards at the local level but not connected and supported at the national level.*








## Recommendations

In line with ASEAN Cooperation on Forestry, Key Performance Indicators on Food Agriculture and Forestry, the Strategic Plan of Action of the AWGSF, and the affirmed CSO Forum on Social Forestry Vision and Thematic Goals, Adopted Strategies and Mechanisms from Puerto Princesa, Philippines in 2016, the CSO Forum would like to reiterate the following points that we find fundamental in setting the context of forest landscape restoration in ASEAN under these 4 key themes:

### For Forest Tenure and Access Rights

- Support the establishment of co-management areas, indigenous peoples and local communities' conserved areas and territories, and other proven management and governance arrangements in forested landscapes;
- Establish and strengthen a platform in ASEAN/AWG--SF on sustained dialogue on rights and access of indigenous peoples and local communities;
- Ensure that indigenous peoples and local communities' customary tenure rights and access to their forest and farmland including shifting cultivation areas are secured;
- Strictly monitor development instruments to ensure that they all respect existing laws; and
- Provide financial and technical support to indigenous peoples. local communities, and forest and farm producers through operationalizing the ASEAN Social Forestry Trust Fund.

### On Safeguards

- Ensure that any forest landscape restoration and management initiative, plans and programs secure FPIC of indigenous peoples under the UN Declaration on the Rights of Indigenous Peoples (UNDRIP) as a minimum ASEAN member states must continue to develop national guidelines on FPIC with the full and effective participation of indigenous peoples.
- Develop and implement national policies that take into account the UN Voluntary Guidelines on the Governance of Tenure (VGGT) and REDD+ Cancun safeguards.
- Ensure the security of communities, CSOs and advocates.
- Ensure that an accessible and effective community grievance mechanism is put in place in ASEAN member states.

### On Community Economy and Livelihoods

- Laws that provide for land tenure and resource access, and recognize traditional knowledge and self-governance must be created and/or implemented
- Ensure that processes for securing communal land titles are faster, streamlined, and more efficient.

### On Community Economy and Livelihoods

- Offer support in creating and strengthening an enabling policy environment and mechanism/s for community forestry enterprises including but not limited to tax exemption for NTFP trade of indigenous peoples and local communities, and assist MSMEs to meet national/regional product standards or requirements, enhance value addition, increase bargaining power and achieve economies of

*We affirm and assert that the self-identified and selected members of the CSO Forum, will continue to be open to collaboration and innovative work with governments and other stakeholders, to advance social forestry as an effective mechanism and catalyst, to achieve climate change mitigation and adaptation and forest landscape restoration goals and targets in ASEAN.*

# “ ဝိုင်ဟောင်းကို ဖူးသစ်ထဲသို့ ထည့်ခြင်းလား ”

## အရပ်ဘက်လူမှုအဖွဲ့အစည်းများဆိုင်ရာဖိုရမ်မှ အာဆီယံ၏ လူမှုသစ်တောဆိုင်ရာဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်မှုကို တိုးမြှင့်သွားရန် အတည်ပြုတောင်းဆိုလိုက်သည်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့- ယခုသီတင်းပတ်အတွင်း လူထုဗဟိုပြု လူမှုသစ်တောလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်လုပ်ဆောင်ရန် နိုင်ငံပေါင်း (၈)နိုင်ငံကျော်မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုဝေးဆွေးနွေးခဲ့ကြပါသည်။




(၆)ကြိမ်မြောက် အာဆီယံလူမှုသစ်တောကွန်ယက် အရပ်ဖက်လူမှုအဖွဲ့အစည်းများဖိုရမ်နှင့် (၇)ကြိမ်မြောက် အာဆီယံလူမှုသစ်တော ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့ ကွန်ယက်ညီလာခံတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအတွင်း ကြိုတင်ပြင်ဆင်သည့်အစည်းအဝေး၏ မှတ်တမ်းဓါတ်ပုံ

အာဆီယံလူမှုသစ်တောကဏ္ဍ၏ (၆)ကြိမ်မြောက် အရပ်ဖက်လူမှုအဖွဲ့အစည်းများဆိုင်ရာဖိုရမ်တွင် အုပ်ချုပ်မှုယန္တရားများ၊ သစ်တောပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များ၊ ရပ်ရွာအခြေပြု စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်းမှုများ၊ လုံခြုံမှုဆိုင်ရာအစီအမံများ စသည့်ကဏ္ဍများကို စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပုံဖော်နိုင်ရန်နှင့် လက်တွေ့အခြေအနေ အတွေ့အကြုံများကို ဖလှယ်ရန် စုဝေးကြခြင်းဖြစ်သည်။

နှစ်အတော်ကြာကပင် လူမှုသစ်တောကဏ္ဍသည် ကမ္ဘာကချမှတ်ထားသော ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်ခြင်းသာမက ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်းများကို အထောက်အကူပြုနေကြောင်း အသိအမှတ်ပြုပြီးဖြစ်သည်။ သို့သော်လည်း ရပ်ရွာအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်အောင်မြင်မှုများကို အခက်အခဲများကြားများမှ ရရှိခဲ့ခြင်းပင်ဖြစ်သည်။ (၇)ကြိမ်မြောက် အာဆီယံလူမှုသစ်တောအလုပ်အမှုဆောင်အဖွဲ့ညီလာခံတွင် သစ်တောမြေ ပြန်လည်ထူထောင်ခြင်း(**FLR**)လုပ်ငန်းစဉ်ကို အဓိကထားပြီး ယခုကျင်းပသောစကားဝိုင်းတွင် ဆွေးနွေးနိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။

“ ကျွန်ုပ်တို့သည် ဝိုင်ဖူးအသစ်ထဲသို့ ဝိုင်ဟောင်းကို ကြိုးစားထည့်နေသူများ မဖြစ်စေဖို့လိုအပ်သည် ”ဟု အာရှနှင့် ပစိဖိတ်ဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းမှ မူဝါဒရေးရာအကြီးအကဲ၊ မစ္စတာပက်ထရစ်ဒရင်သည် သစ်တောမြေပြန်လည်ထူထောင်ခြင်းဆိုင်ရာ သဘောသဘာဝများနှင့် အခက်အခဲများကို တင်ပြချိန်တွင် ပြောကြားခဲ့ပါသည်။ ချဉ်းကပ်နည်းများစွာမှ သစ်တောမြေပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်သည် ၎င်း၏ ဆက်စပ်ပတ်သက်သူများအထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကို မည်သည့်အာမခံချက်များ ပေးနိုင်မည်နည်း။ သစ်တောမြေပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်သည် မြေပြန်လည်ထူထောင်ခြင်းနည်းလမ်းပေါင်းများစွာကို စုစည်းထားသောနည်းလမ်းပင် ဖြစ်သည်။ သစ်တောမြေ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်သည် လူထု၏ အင်အားနှင့် ထိထိရောက်ရောက်ပူး ပေါင်းပါဝင်မှု မရှိပါကအောင်မြင်မည်မဟုတ်ကြောင်း မစ္စတာပက်ထရစ်မှ မှတ်ချက်ချခဲ့ပါသည်။ “ ကျွန်တော်တို့၏ အတိတ်ကိုပြန်ကြည့်လျှင် အစိုးရများသည် ပြည်သူလူထုကို ဈေးပေါပေါဖြင့်ရနိုင်သော အလုပ်သမားများအဖြစ်သာ သတ်မှတ်ခဲ့သည်။ ဒါပေမဲ့ ကျွန်တော်တို့သည် လူမှုသစ်တောကဏ္ဍကို အောင်မြင်အောင်ဖော်ဆောင်နိုင်ရန် ပြည်သူလူထုကိုလည်း သဘာဝသယံဇာတနှင့် ပတ်သက်၍ အကျိုးအမြတ်များကို ညီတူညီမျှ ဝေမျှပေးဖို့လိုအပ်တယ် ”ဟု မစ္စတာပက်ထရစ်မှ ပြောကြားခဲ့သည်။




အလားတူဆွေးနွေးချက်ကို ချင်းလူ့အခွင့်အရေး အဖွဲ့အစည်းမှ မိုင်သင်းယုမွန်ကလည်း ဖိုရမ်တွင် ရာသီဥတုပြောင်းခြင်းအား လျှော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်ခြင်း စသောလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် ပြည်သူလူထုသာမက ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ (၇)ကြိမ်မြောက် အာဆီယံလူမှု အလုပ်အမှုဆောင်အဖွဲ့ ညီလာခံတွင် တင်ပြခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖိုရမ်၏ သဘောထားထုတ်ပြန်ချက်များကို အောက်တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

# (၆)ကြိမ်မြောက် အာဆီယံအရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လူမှုသစ်တောဆိုင်ရာဖိုရမ်မှ သဘောထားထုတ်ပြန်ချက်များ

## (၇)ကြိမ်မြောက် အာဆီယံလူမှုသစ်တောဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့ ကွန်ယက်ညီလာခံ

### နောက်ခံသမိုင်းအကျဉ်း

အာဆီယံလူမှုသစ်တောဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့အစည်းများဖိုရမ်ကို အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားကွန်ယက်များ၊ အာဆီယံအဖွဲ့ဝင်အဖွဲ့အစည်းများဖြင့် ၂၀၁၂ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အမြင်ဖွင့်သင်တန်းများပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ခြင်း၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုခြင်းနှင့် ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ သစ်တောပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအရ သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းနှင့် ရက်ဒ်အပေါင်း (သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်း) လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ ၎င်းဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ အဓိကကျသော သဘောထားအမြင်များကို ပို့ဆောင်ပေးလျှက်ရှိသော လမ်းကြောင်းတစ်ခုဖြစ်ပါသည်။

ယခုနှစ်ကျင်းပသော (၆)ကြိမ်မြောက် အာဆီယံအရပ်ဖက်လူမှုသစ်တော ကွန်ယက်အရပ်အဖက်အဖွဲ့အစည်းများ ဖိုရမ်တွင် နိုင်ငံပေါင်း(၈)နိုင်ငံကျော်၊ အဖွဲ့အစည်းပေါင်း(၄၀)မှ စုစုပေါင်းတက်ရောက်သူ (၆၀)ကျော်ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံ၊ ပါလဝမ်မြို့တွင်ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် နှစ်စဉ်ပြုလုပ်သော ပုံမှန်အစည်းအဝေးနှင့် မူဝါဒဆိုင်ရာ စကားဝိုင်းတွင် အာဆီယံသစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ၂၀၂၀ခုနှစ်ထိ ပြုလုပ်မည့် ရည်မှန်းချက်များ၊ ဦးတည်ချက်များကို အတည်ပြုပြုပြီးသကဲ့သို့ ယခုနှစ်တွင်လည်း ၎င်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်အသစ်များကိုလည်း ပြန်လည်ဝေမျှလိုပါသည်။

လူမှုသစ်တောကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ ဦးတည်ချက်ဖြစ်သော ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်ခြင်းကို ဖော်ဆောင်နိုင်သည်သာမက ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်းကိုလည်း အောင်မြင်

စွာဖော်ဆောင်နိုင်မည့် ယန္တရားတစ်ခုအဖြစ် အတည်ပြုခဲ့ပြီး ဖြစ်သည်။ ဤမူမကာ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများသည် ၄င်းတို့၏ သစ်တောမြေများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများနှင့်ပတ်သက်သော လုပ်ငန်းများကို ယနေ့တိုင်လုပ်ဆောင်နေဆဲ ဖြစ်ပါသည်။ ပြည်သူနှင့် သစ်တောများအတွက် ဗဟိုဌာန**(RECOFTC)** အဖွဲ့အစည်း၏ အာဆီယံလူမှုသစ်တောအခြေအနေဆိုင်ရာ တင်ပြမှုတွင် ၂၀၁၆ခုနှစ်အတွက် ရည်ရွယ်ထားသော အာဆီယံလူမှုသစ်တောကဏ္ဍ၏ ရည်မှန်းချက် ၅၀ရာခိုင်နှုန်းခန့် သန်းပေါင်း ၁၀ဟတ်တာ (ဧက ၂၅သန်းနီးပါး)ကို ခွဲဝေသတ်မှတ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လူမှုသစ်တော ဧရိယာပိုမိုတိုးချဲ့လာခြင်းသည်လည်း အာဆီယံလူမှုသစ်တောကဏ္ဍအပေါ်ထားရှိသော ကတိကဝတ်ပြုခြင်းနှင့်ပတ်သက်၍ တိုးမြှင့်လာမှု သင်္ကေတပင်ဖြစ်သည်။ ယင်းကဲ့သို့ တိုးမြှင့်လာခြင်းသည်လည်း ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကို အာဆီယံ သစ်တော ကာကွယ်စောင့်ရှောက်သူများအဖြစ် လက်ခံယုံကြည်ခြင်းကို ဖော်ပြနေပါသည်။ ထို့ကြောင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ သည်လည်း ဤနည်းလမ်းများကို အတုယူလုပ်ဆောင်သင့်ပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အာဆီယံပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် လက်တွဲ၍ ဒေသတွင်းရှိ ရပ်ရွာအခြေပြုသစ်တောလုပ်ငန်းများကို အထောက်အကူပြုစေမည့် ဈေးကွက်ဖော်ဆောင်ရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူမှုသစ်တောနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အာဆီယံဆွစ်မိတ်ဖက်အဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ပြီး သိသာထင်ရှားသော အကျိုးရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပါသည်။

**နိုင်ငံအဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်တို့တွင် အဓိကကျသော အောင်မြင်မှုများထဲကမှ အချို့တိုကိုဖော်ပြလိုပါသည်။**

**ဖိလစ်ပိုင်နိုင်ငံတွင်** သစ်တောစီမံအုပ်ချုပ်မှုဌာနမှ ဆက်စပ်ပတ်သက်သူများနှင့် ပူးပေါင်းရန် အမျိုးသားအဆင့် လူမှုသစ်တောနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်မှုဆောင်အဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပါရီသဘောတူညီချက်အရ နိုင်ငံအဆင့် ပူပေါင်းဆောင်ရွက်မည့် ဆုံးဖြတ်ချက်လုပ်ငန်းစဉ်များနှင့် လူမှုသစ်တောကဏ္ဍကို ချိတ်ဆက်နိုင်ရန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကော်မရှင်နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို စတင်အစပြုခဲ့ပါသည်။ ၄င်းသည် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဆိုင်ရာ မူဝါဒရေးဆွဲရန်အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

ရက်ဒ်အပေါင်း ကြိုတင်ပြင်ဆင်ခြင်းအတွက် လှုပ်ရှားဆောင်ရွက်ချက်များဖြစ်သည့် မြေအသုံးချမှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းများ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတို့တွင် ဒေသခံအစိုးရများနှင့်အတူ အက်ဖ်ပီအိုင်စီ **(FPIC)** လုပ်ငန်းစဉ်များ အားကောင်းလာစေရန် ဆောင်ရွက်လျှက်ရှိပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများသည် လုပ်ငန်းများအားလုံးမစတင်မီ အက်ပီအိုင်စီ**(FPIC)** လေးစားလိုက်နာခြင်း အသိအမှတ်ပြုလက်မှတ်ကို ကြိုတင်ရယူရမည် ဖြစ်သည်။

**ကမ္ဘောဒီးယားနိုင်ငံသည်** နိုင်ငံ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ဥပဒေကြမ်းရေးဆွဲရာတွင် အက်ဖ်ပီအိုင်စီ**(FPIC)**ကို ထည့်သွင်းရေးဆွဲခဲ့ပါသည်။ ရက်ဒ်အပေါင်းစီမံကိန်းမှ ကာဗွန်ခရက်ဒစ် ရောင်းချခြင်းဖြင့် ရရှိလာသော ဘဏ္ဍာငွေအများစုကို အကျိုးအမြတ်ခွဲဝေခြင်း ယန္တရားတဆင့် သစ်တောကာကွယ်ရေးနှင့် ရပ်ရွာဖွံ့ဖြိုးရေးတို့အတွက် အသုံးပြုခဲ့ပါသည်။ ထို့အတူ

ကမ္ဘောဒီးယားနိုင်ငံဘုရင်မှလည်း ရာသီဥတုပြောင်းလဲခြင်းအတွက် နိုင်ငံအဆင့် တုန့်ပြန်ဆောင်ရွက်ရန်နှင့် သစ်တောပြုန်းတီးမှုနှင့် သစ်မဟုတ်သော သစ်တောထွက်ထုတ်ကုန်များဆိုင်ရာ ဆောင်ရွက်ချက်များအတွက် အာဆီယံဒေသအတွင်း ဘုံတူညီသော မဟာဗျူဟာများ ချမှတ်ရန်လိုအပ်ကြောင်း အတည်ပြုပြောဆိုခဲ့ပါသည်။

**အင်ဒိုနီးရှားနိုင်ငံတွင်** လူမှုသစ်တောကဏ္ဍသည် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် **(NDC)**၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနသည် အစုအဖွဲ့ပိုင်သစ်တော လျှောက်ထားပုံအဆင့်အဆင့် လွယ်ကူချောမွေ့စေရန် လုပ်ထုံးလုပ်နည်းနံပါတ်(၈၆)ကို ၂၀၁၆ခုနှစ်တွင် အသစ်ပြုပြင်ပြဌာန်းခဲ့သည်။ ၄င်း လုပ်ထုံးလုပ်နည်းသည် သန်းပေါင်း ၁၂.၇ ဟတ်တာ ရည်မှန်းချက်ဖြစ်သည့် လူမှုသစ်တောကဏ္ဍတိုးချဲ့ရန်အတွက် အရှိန်အဟုန်တိုးစေပါသည်။ ခရိုင်အဆင့်တွင်လည်း အစိုးရမှ လူမှုသစ်တောဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ပြန်လည်ပြုပြင်ထုတ်ပြန်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ဌာနေတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာ(၉)ရွာသည် ၄င်းတို့၏ မိရိုးဖလာပိုင်ဆိုင်ခဲ့သော သစ်တောများကို ဓလေ့ထုံတမ်းမြေယာ ပိုင်ဆိုင်ခွင့်လက်မှတ် ရရှိခဲ့သည်။

**လာအိုနိုင်ငံတွင်** မူဝါဒလျှောက်လဲခြင်းမှ အောင်မြင်မှုအနေဖြင့် မြေယာဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းတွင် အများပိုင်မြေနှင့် ဘုံပိုင်မြေများ ဥပဒေကြောင်းအရ စီမံခန့်ခွဲခွင့်ကို ထည့်သွင်းနိုင်ခဲ့သည်။ သစ်တောစီမံအုပ်ချုပ်မှုအရလည်း အစိုးရသည် သစ်တောထွက်ပစ္စည်းများကို ဥပဒေနှင့်အညီ ရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သော သစ်တောအုပ်ချုပ်မှုလုပ်ကိုင်မှုစီမံချက် **FLEGT-VPA**လုပ်ငန်းစဉ်ကို စိတ်ဝင်စားနေပါသည်။

**မလေးရှားနိုင်ငံသည်** နိုင်ငံအဆင့်လူမှုသစ်တော ဆိုင်ရာမူဘောင်အတွက် (၁၀)နှစ်စာပေါင်းစည်းမူဝါဒ ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဒေသခံများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ဆာဘား၊ ဆာရာဝပ်နှင့် ပင်နီဆူလာပြည်နယ်(၃)ခုတွင် ဆွေးနွေးဆောင်ရွက်လျှက်ရှိသည်။ ဆာဘားပြည်နယ်တွင်လည်း ဆာဘားလူမှုသစ်တောအလုပ်အမှုဆောင်အဖွဲ့ကို တည်ထောင်နိုင်ခဲ့ပါသည်။ ၄င်းအလုပ်အမှုဆောင်အဖွဲ့တွင် သစ်တောဌာန၊ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်ပါသည်။

**မြန်မာနိုင်ငံသည်လည်း** အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်သည့် အများပြည်သူပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဆိုင်ရာလမ်းညွှန်ချက်နှင့် ပတ်ဝန်းကျင်မူဝါဒအတွက် မဟာဗျူဟာမူဘောင်တို့တွင် **FPIC**ကို ထည့်သွင်းဖော်ပြထားပါသည်။ နိုင်ငံအဆင့် မြေယာဥပဒေပြင်ဆင်ခြင်းနှင့် သစ်တောဥပဒေပြန်လည်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

**ထိုင်းနိုင်ငံတွင်** အစိုးရမှ ဆယ်နှစ်အတွင်း (၂၀၁၄-၂၀၂၃) နိုင်ငံ၏ ၄၀%ကို သစ်တောဖုံးလွှမ်းနိုင်ရန် လျာထားပါသည်။ သဘာဝသယံဇာတအရင်းအမြစ်များအား ပူးတွဲအုပ်ချုပ်မှုဆိုင်ရာ စီမံချက်ကိုလည်း ဆောင်ရွက်လျှက်ရှိပြီ ထပ်မံတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။

**ဗီယက်နမ်နိုင်ငံသည်** ၂၀၃၀ခုနှစ်ထိ ရည်မှန်းထားသော အမျိုးသားအဆင့် ရက်ဒ်အပေါင်း အကောင်အထည်ဖော်သောလုပ်ငန်းစဉ်တွင် ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူနည်းစု အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပထမဆုံး စတင်ဖော်ပြထားသည်။ အစိုးရ၏ သဘောထားအမြင် ဖော်ပြထားသည့် အပိုဒ်(၁)တွင်လည်း အခြားသော ကဏ္ဍများဖြစ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုံခြုံစိတ်ချရမှုအစီအမံများ ဂျန်ဒါ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဒေသခံပြည်သူများ ထိရောက်စွာ ပါဝင်ရေးကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။








အခြားပြဿနာများဖြစ်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အစီအမံများ၊ ဂျဲန်ဒါ၊ တက်ကြွစွာပါဝင်ဆောင်ရွက်လျှက်ရှိသော တိုင်းရင်းသားလူနည်းစုအဖွဲ့များ၊ ဒေသခံများ၏ပြဿနာများကို ဖြေရှင်းပြီးဖြစ်သည်ဟု အစိုးရများက ဖွင့်ဆိုထားပါသည်။

လူမှုသစ်တောကဏ္ဍဖော်ဆောင်ရာတွင် ကြုံတွေ့ရသောအဟန့်အတားများကို စကားဝိုင်း၊ ဆွေးနွေးညှိနှိုင်းပွဲများပြုလုပ်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိရာ အောက်ပါအရေးကြီးကဏ္ဍများကို အာဆီယံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထောက်ပံ့ကူညီပေးရမည် ဖြစ်ပါသည်။

ဌာနေတိုင်းရင်းသားများ၏ မြေယာ ပိုင်ဆိုင်ခွင့်၊ ဒေသခံပြည်သူများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားသော နေရာများနှင့် ပိုင်နက်နယ်မြေများ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ရိုးရာအသိပညာဗဟုသုတများကို အသိအမှတ်ပြုမှုမရှိသောကြောင့် အစိုးရနှင့် ပုဂ္ဂလိကမှဦးဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းများသည် သစ်တောမှီခိုပြည်သူများကို ပဋိပက္ခများစွာဖြစ်စေပါသည်။

လူမှုသစ်တောဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုအတွက် အစိုးရဌာနအချင်းချင်း၊ အဖွဲ့အစည်းချင်းချင်း ချိတ်ဆက်လုပ်ဆောင်မှုများအားနည်းနေသည်သာမက အချို့နိုင်ငံများတွင် ရှုပ်ထွေးနေဆဲဖြစ်ပါသည်။

မှတ်တမ်းတင်ထားသော အထောက်အထားများအရ ရွှေ့ပြောင်းတောင်ယာသည် အချို့သောအခြေအနေများတွင် ရေရှည်တည်တံ့သော သစ်တောမြေစီမံအုပ်ချုပ်မှု အလေ့အကျင့်ကောင်းတစ်ခုအဖြစ် ဖော်ပြထားသော်လည်း နိုင်ငံအများစုသည် ၎င်းကို အသိအမှတ်ပြုရန် လိုနေပါသေးသည်။

**FPIC** အက်ပီအိုင်စီနှင့် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍကို တိုးမြှင့်ရန် မူဝါဒများစွာတွင် ထည့်သွင်းလာသော်လည်း အစိုးရနှင့် အခြားဆက်စပ်ပတ်သတ်သူများမှ ၎င်းမူဒဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် စွမ်းဆောင်ရည် အကန့်အသတ်ရှိသောကြောင့် အချိန်ယူရန်လိုအပ်ပါသည်။ အချို့နိုင်ငံများသည် ဒေသအဆင့်လုံခြုံမှုဆိုင်ရာအစီအမံများ အားကောင်းသော်လည်း နိုင်ငံအဆင့်တွင် ချိတ်ဆက်မှုနှင့် အားပေးထောက်ခံမှု မရရှိသေးပါ။







# အကြံပြုထောက်ခံချက်များ

အာဆီယံသစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဓိကဖော်ဆောင်ရမည့် အညွှန်းကိန်းများ၊ အာဆီယံလူမှုသစ်တောဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၏ မဟာဗျူဟာမြောက် လုပ်ငန်းစီမံချက်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ အတည်ပြုထားသည့် လူမှုသစ်တောဆိုင်ရာရည်မှန်းချက်နှင့် အဓိကပန်းတိုင်များ၊ ၂၀၁၆ခုနှစ် ဖိလစ်ပိုင်နိုင်ငံ ပူးဝါတိုးပရင်ဆက်ဆာမြို့တွင် ချမှတ်ခဲ့သည် မဟာဗျူဟာနှင့် ယန္တရားများအရ ယခုနှစ်ကျင်းပသော အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်မှ အာဆီယံသစ်တောမြေပြန်လည်ထူထောင်ခြင်း ဖော်ဆောင်နိုင်ရန် အခြေခံကျသောကဏ္ဍလေးခုဖြင့် အောက်ပါအချက်များကို တင်ပြတောင်းဆိုလိုက်သည်။

## (၁) သစ်တော ပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ

- စုပေါင်းစီမံ အုပ်ချုပ်သောမြေနေရာများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ထိန်းသိမ်းစောင့်ရှောက်ထားသည့် နေရာများနှင့် ပိုင်နက်နယ်မြေများနှင့် အခြားအသိအမှတ်ပြုထားသော သစ်တောမြေစီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ပံ့ပိုးပေးရန်၊
- ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့သော စကားဝိုင်းများကို အာဆီယံလူမှုသစ်တောဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့အတွင်း ပိုမိုအားကောင်းသည့် လမ်းကြောင်းဖော်ဆောင်ပေးရန်၊
- ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ရွှေ့ပြောင်းတောင်ယာနေရာများကို လုံခြုံမှုပေးရန်အပါအဝင် ရိုးရာဓလေ့ထုံးတမ်းအရ သစ်တော၊ လယ်ယာမြေ ပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များကိုသေချာစေဖို့ အာမခံပေးရန်၊
- ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ဆောင်မှု အဆင့်ဆင့်တိုင်းကို တည်ဆဲဥပဒေများလိုက်နာမှု ရှိ/မရှိ တင်းကြပ်စွာ စောင့်ကြည့်ရန်နှင့်၊
- အာဆီယံလူမှုသစ်တော ယုံကြည်မှုရံပုံငွေကို အသုံးပြုပြီး ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် သစ်တောမှီခို၍ အသက်မွေးဝမ်းကြောင်းပြုသူများ၊ လယ်သမားများကို ငွေကြေးနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးရန်။

## (၂) လုံခြုံမှုဆိုင်ရာအာစီအာမံများ

- ကုလသမဂ္ဂဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာကြေငြာစာတမ်းတွင် ဖော်ပြထားသော **FPIC**ကို အနိမ့်ဆုံးအဆင့် သတ်မှတ်ပြီး သစ်တောပြန်လည်တည်ထောင်ခြင်းနှင့် သစ်တောမြေစီမံအုပ်ချုပ်ခြင်း စသော ကနဦးဆောင်ရွက်ချက်များ၊ အစီအစဉ်များ၊ စီမံကိန်းများတွင် ဖော်ဆောင်ရမည်သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများသည်လည်း ဌာနေတိုင်းရင်းသားများ အပြည့်အဝပူးပေါင်းပါဝင်မှုဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံအဆင့် **FPIC** လမ်းညွှန်ချက်များ ရေးဆွဲသင့်ပါသည်။
- ကုလသမဂ္ဂ မြေယာ၊ သား၊ ငါး၊ သစ်တောများနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အားတာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် စေတနာဖြင့် တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များ (VGGT-Guideline)နှင့် ရက်ဒ်အပေါင်း ကန်ကွန်းလုံခြုံမှုဆိုင်ရာအစီအမံများ ထည့်သွင်းရေးဆွဲထားသည့် နိုင်ငံအဆင့်မူဝါဒများ ဖြစ်ပေါ်လာအောင် အကောင်ထည်ဖော်ဆောင်ရန်၊

- ဒေသခံပြည်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မူဝါဒလျှောက်လဲသူများ၏ လုံခြုံရေးကို အကာအကွယ်ပေးရန်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းတွင် ဒေသခံပြည်သူများအတွက် လက်လှမ်းမှီ၍ ထိရောက်သော နစ်နာမှုတိုင်ကြားသောစနစ် ဖွဲ့စည်းတည်ထောင်ပေးရန်။

## (၃) အုပ်ချုပ်မှု ယန္တရားများ

- လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် သဘာဝသယံဇာတရပိုင်ခွင့်၊ ရိုးရာဓလေ့အသိပညာဗဟုသုတများကို အသိအမှတ်ပြုခြင်း၊ ကိုယ်ပိုင်စီမံပိုင်ခွင့်များကို ပံ့ပိုးပေးသည့် ဥပဒေများပြဋ္ဌာန်း ဖော်ဆောင်ရန်။
- ဘုံပိုင်မြေ အသိအမှတ်ပြု လက်မှတ်များကို လျှောက်ထားသောလုပ်ငန်းစဉ်များကို မြန်ဆန်၊ လွယ်ကူ၊ ထိရောက်စွာ ပြုလုပ်ပေးရန်။

## (၄) ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်းမှု

- ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများရောင်းဝယ်ခြင်းကို အခွန်ကင်းလွတ်ခွင့်များရရှိစေခြင်း၊ နိုင်ငံအဆင့်၊ ဒေသအဆင့် စံညွှန်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီသောထုတ်ကုန်များရရှိအောင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊ ထုတ်ကုန်တန်ဖိုးများတိုးမြှင့်ခြင်း၊ ဈေးနှုန်းညှိနှိုင်းနိုင်ခြင်းတို့ အပါအဝင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးနှင့် အားကောင်းလာစေရေးကို ထောက်ပံ့ပေးသော မူဝါဒများနှင့် ယန္တရားများဖြင့် ကူညီပံ့ပိုးပေးရန်။

ကျွန်ုပ်တို့ အာဆီယံ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်မှ မိမိကိုယ်ကို ရွေးကောက်ထားသော ကိုယ်စားလှယ်များသည် ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်ခြင်းများကို အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အာဆီယံ၏ ရည်မှန်းချက်နှင့် ဦးတည်ချက်များဖြစ်သော သစ်တောမြေ ပြန်လည်ထူထောင်ခြင်းတို့ အောင်မြင်လာစေရန်အတွက် လူမှုသစ်တောကဏ္ဍအား ထိရောက်သော အထောက်အကူယန္တရားအနေဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန်၊ အစိုးရ၊ အခြားဆက်စပ်ပတ်သက်သူများနှင့် ဆက်လက်၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

Norad

POINT
Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့


**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း ဈလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com